



ဒုတိယအကြိမ်

# နဂါးနီ

ဥရောပမှာ လောင်ကျွမ်းစပြုနေပြီဖြစ်သော ဒုတိယကမ္ဘာစစ်ကြီးကို သိရှိပြီး
မြန်မာလူထုမှာ လွတ်လပ်ရေးစိတ်ဓာတ် ထက်သန်လာစေရန် ရည်ရွယ်ပြီး ထုတ်ဝေပါတယ်။
၁၉၃၃ ဂျာမနီမှာ ဟစ်တလာရဲ့ နာဇီအစိုးရ တက်ရောက်လာတယ်။ သူက ရုရှားကွန်မြူနစ်ကို
အပြတ် နှိမ်နင်းမယ်လို့ ကြွေးကြော်တယ်။ အဲဒါကို အင်္ဂလိပ်က သဘောကျတယ်။
ဟစ်တလာစစ်ရေးပြင်ဆင်တာကို လျစ်လျူရှုထားလိုက်တယ်။
ပြင်သစ်ကတော့ ဂျာမနီခေါင်းထောင်လာမှာ မလိုလားဘူး။
ဒါပေမယ့် ဟစ်တလာက စာချုပ်တွေ ဖျက်ပစ်၊ ဩစတြီးယားနဲ့
ချက်ကိုစလိုဗက်ကီးယား၊ ဒင်းဇစ်တို့ကို သိမ်းပြီး ပိုလန်ကိုပါ ဝင်တိုက်ပြန်တော့
အင်္ဂလိပ်နဲ့ပြင်သစ်တို့က ဂျာမနီကို တိုက်ကြရပြီး ဒုတိယကမ္ဘာစစ်ကြီး စတင်တော့တာပါပဲ။
ချိန်ဘာလိန်ကိုတော့ "တချို့မြင်းတွေဟာ ကျောပေါ်ရောက်ရင် ဒုန်းစိုင်းမှကြိုက်တယ်။
ဒုန်းမစိုင်းဘဲ ဇက်ဆွဲထားရင် စီးသူကို ခါချတတ်တယ်။ ချိန်ဘာလိန်ဟာ
ဓနရှင်လောကကြီးကို ဦးစီးသူဖြစ်လို့ စစ်မြင်းကို ဒုန်းစိုင်းပြီး စီးရမယ်"လို့ ဆိုထားပြန်တယ်။
စာရေးသူက ဟစ်တလာ မှားသလား၊ ချိန်ဘာလိန် မှားသလား မေးခွန်းကို
အဖြေမပေးပဲ စာဖတ်သူတွေကိုယ်တိုင် ဆုံးဖြတ်အဖြေပေးပါလို့ ဆိုထားပါတယ်။

ISBN 9789997110817
NGN18
9 789997 110817
1,300.00KS

mgyoe.com

ဟစ်တလာနှင့်ချိန်ဘာလိန်ဘယ်သူမှားသလဲ၊ သိန်းဖေ
ပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၇၆+ မျက်နှာ၊ ၁၆ စင်တီ x ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၃၉ နဂါးနီထုတ် ပထမအကြိမ်မူ။

ရောင်းဈေး ၁ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ဟစ်တလာနှင့်ချန်ဘာလိန် ဘယ်သူမှားသလဲ၊

## သိန်းဖေ

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

နှစ်ပေါင်း ၈၀ ဝန်းကျင်ရှိ နဂါးနီစာအုပ်များကို
ပြန်လည်စီစဉ်ရိုက်နှိပ်ကြသည့်အခါ စာရေးသူ ဘာသာပြန်သူတို့၏
ကျန်ရစ်သူ မိသားစုဝင် မူပိုင်ရှင်များအား ရှိနိုင်သ၍ ဆက်သွယ်ကာ
ခွင့်တောင်းခံခြင်း၊ ဥာဏ်ပူဇော်ခပေးအပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း
အချို့မှာ ဆက်သွယ်ရ ခက်ခဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရ
ဆက်သွယ်ခွင့်တောင်းခံခြင်း မပြုနိုင်ခဲ့သည့် ကျန်ရစ်သူ မိသားစုဝင်
စာမူမူပိုင်ခွင့်ဆက်ခံသူများမှ ခွင့်လွှတ်ပါရန်နှင့်
ဥာဏ်ပူဇော်ခပေးအပ်လိုပါသဖြင့် စာအုပ်တိုက်သို့
ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်
နှုးညွတ်စွာ မေတ္တာရပ်ခံအပ်ပါသည်။

mgyoe.com

mgyoe.com

I

# ဟစ်တလာနှင့် ချိန်ဘာလိန် ဘယ်သူမှားသလဲ

(၁၉၃၉ ၃၊ အောက်တိုဘာထုတ်၊ အုပ်ရေ ၄၀၀၀၊ တန်ဖိုး ၈ ပဲ)

ဥရောပ၌ လောင်ကျွမ်းစပြုနေပြီဖြစ်သော ဒုတိယ ကမ္ဘာစစ်ကြီးကို သိရှိနိုင်စေရန်နှင့် မြန်မာလူထုလွတ်လပ် ရေးစိတ်ဓာတ် အစွမ်းကုန် ထက်သန်စေရန် ရည်ရွယ်ပြီး ထုတ်ဝေတယ်လို့ ဆိုပါတယ်။

ပထမကမ္ဘာစစ်ကြီး ၁၉၁၄–၁၈ ခုနှစ်မှာ ဖြစ်ပွားခဲ့ တယ်။ ဓနရှင်တွေ ကုန်ရောင်းဖို့၊ ရင်းနှီးမြှုပ်နှံဖို့ အဝေ မတည့်ကြတဲ့အတွက် ဖြစ်ပွားခဲ့ရတယ်လို့ သုံးသပ်ထား တယ်။ စစ်ကြီးကို ဗာဆိုင်းစာချုပ်ချုပ်ဆိုပြီး ပြေငြိမ်းခဲ့ တယ်။ စစ်ရှုံးနိုင်ငံ ဂျာမနီဟာ စစ်ရေး၊ စီးပွားရေးတွေမှာ ကန့်သတ်ချုပ်ချယ်မှုတွေ ခံခဲ့ရတယ်။ ဒါပေမဲ့ ဂျာမနီဓနရှင် တွေရဲ့ စီးပွားရေးဟာ အရှိန်မပျက် တိုးတက်နေခဲ့တယ်။

mgyoe.com

mgyoe.com

## II

အဲဒီအချိန်မှာပဲ ရုရှားမှာ ကွန်မြူနစ်နိုင်ငံကြီး ပေါ်ထွန်းလာတာ တွေ့ကြရတယ်။ ကွန်မြူနစ်ကို မနှစ်မြို့တဲ့ နိုင်ငံကြီးတွေဖြစ်တဲ့ အင်္ဂလိပ်၊ ပြင်သစ်တို့ကလည်း မလိုလားကြဘူး။ ၁၉၃၃ နှစ် ဂျာမနီမှာ ဟစ်တလာရဲ့ နာဇီအစိုးရ တက်ရောက်လာတယ်။ သူက ရုရှားကွန်မြူနစ်ကို အပြတ်နှိမ်နင်းမယ်လို့ ကြွေးကြော်တယ်။ အဲဒါကို အင်္ဂလိပ်က သဘောကျတယ်။ ဟစ်တလာစစ်ရေးပြင်ဆင်တာကို လျစ်လျူရှုထားလိုက်တယ်။ ပြင်သစ်က ဂျာမနီခေါင်းထောင်လာမှာ မလိုလားဘူး။

၁၉၃၅ ခုနှစ်မှာ ဆားနယ်ကို ဟစ်တလာပြန်ရတယ်။ စစ်လက်နက်လည်း ပြင်ဆင်ပြီးလို့ ဗာဆိုင်းစာချုပ်ပါ စစ်လက်နက်ကန့်သတ် တဲ့ အပိုဒ်တွေကို ဖျက်သိမ်းလိုက်တယ်။ တစ်ခါ ၁၉၃၆ ခုနှစ်မှာ ရိုင်းမြစ်ဝှမ်းကို စစ်မြေပြင်အဖြစ် ပြင်ဆင်ခြင်းနဲ့ လိုကာနိုစာချုပ်ကိုလည်း ဖျက်ပစ်လိုက်ပြန်တယ်။ ၁၉၃၈ ခု၊ မတ်လမှာ ဂျာမနီက သြစတြီးယားကို သိမ်းပိုက်လိုက်တယ်။ ၁၉၃၉၊ ဇန်နဝါရီမှာ ချက်ကိုစလိုဗက်ကီးယား ကို သိမ်းပိုက်ပြန်တယ်။ နောက် ၁၉၃၉ ခု စက်တင်ဘာမှာ ဒင်းဇစ်ကို သိမ်းပိုက်ရုံမက ပိုလန်ကိုပါ ဝင်တိုက်ပြန်တော့တယ်။

အဲဒီအချိန်ကျတော့ အင်္ဂလိပ်နဲ့ပြင်သစ်တို့က ဂျာမနီကို တိုက်ကြရတော့တယ်။ ဒုတိယကမ္ဘာစစ်ကြီး စတင်တော့တာပါပဲ။

အဲဒီမှာ စာရေးသူက ဟစ်တလာဟာ လိုကာနို စာချုပ် ရှိသေပါ့မယ်လို့ ပြောပြီး ဖျက်ခဲ့တယ်။ သြစတြီး

mgyoe.com

mgyoe.com



ယားကို မလိုချင်ပါ၊ သိမ်းဖို့ မကြံရွယ်ပါဟုပြောပြီး သိမ်းခဲ့ပြန်တယ်။ ချက်လူမျိုးတွေကို ဂျာမန်နယ်ထဲ မသွင်းပါဟု ပြောဆို ဝန်ခံခဲ့ပြီး ဖျက်ခဲ့ပြန်တယ်။ ပိုလန်နယ်ကို မလိုလားပါလို့ပြောပြီး သိမ်းယူပြန်တယ်။ ကွန်မြူနစ်ဟာ ရန်သူအစစ်လို့ပြောပြီး ဘော်လရှီဗစ်တွေနဲ့ မိတ်ဆွေဖွဲ့ပြန်တယ်။ ဟစ်တလာဟာ ဘာကြောင့် ရမ်းကားနေသနည်း။ အဘယ်ကြောင့် သစ္စာမရှိ ကတိမတည် ဖြစ်နေသနည်း။

တစ်ခါ ချိန်ဘာလိန်နဲ့ပတ်သက်ပြီး "တချို့မြင်းတွေဟာ ကျောပေါ်ရောက်ရင် ဒုန်းစိုင်းမှကြိုက်တယ်။ ဒုန်းမစိုင်းဘဲ ဇက်ဆွဲထားရင် စီးသူကို ခါချတတ်တယ်။ ချိန်ဘာလိန်ဟာ ခနရှင်လောကကြီးကို ဦးစီးသူဖြစ်လို့ စစ်မြင်းကို ဒုန်းစိုင်းပြီး စီးရမယ်"လို့ ဆိုထားပြန်တယ်။

စာရေးသူအနေနဲ့တော့ ဟစ်တလာ မှားသလား၊ ချိန်ဘာလိန် မှားသလား မေးခွန်းကို အဖြေမပေးနိုင်ပါဘူးတဲ့။ စာဖတ်သူတွေကိုယ်တိုင် ဆုံးဖြတ်အဖြေပေးပါလို့ ဆိုထားပါတယ်။ ဘယ်သူမှားတယ်ဆိုတာ သိချင်ရင် ဖတ်ရှုကြည့်ကြဖို့ပါပဲ။

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


- အမှာ — က

၁။ ချိန်ဘာလိန်က စစ်မတိုက်လို — ၁

၂။ ပိဿာလေးအစား ဗုံးကိုကိုင်ရသော ကုန်သည် — ၉

၃။ စစ်သုံးမျိုး — ၁၈

၄။ လက်အောက်ခံနိုင်ငံတို့၏ မျက်လုံးများ — ၂၅

၅။ စီးပွားရေးချောက်ကြီးများ — ၃၂

၆။ ကိုလိုနီ လုပ်ပွဲများ — ၃၇

၇။ ဟစ်တလာ့ကောင်းမှု — ၄၂

၈။ လက်နက်စွဲကြပြီ — ၅၂

၉။ အချင်းများစေသည့်နေရာများ — ၅၆

၁၀။ ဘယ်သူမှားသလဲ — ၇၂


❖

mgyoe.com

mgyoe.com

"ငြိမ်းချမ်းမည်-စစ်တိုက်မည်၊ ဤနှစ်လီကို
ဆုံးဖြတ်ရန် ကျွန်ုပ်တို့တာဝန် မဟုတ်ပါ"

ဗြိတိသျှနန်းရင်းဝန်ကြီး ချိန်ဘာလိန်
၂၄–၈–၃၉–ပါလီမန်တွင်။

mgyoe.com

mgyoe.com



# အမှာ

"ကျွန်ုပ်တို့သည် အကျောညာဏ်နှင့် ဈေးဆစ်ရန်မကြံကြောင်းကို ထပ်တလဲလဲ ကြေညာခဲ့လေပြီ။ ယခု ပြဿနာကို ဗြိတိသျှအခက်အခဲ တွေ့နေမှုမှ အမြတ်ထုတ်ယူသောသဘောဖြင့် ကျွန်ုပ်တို့စဉ်းစားလိမ့်မည် မဟုတ်ပေ။

"ဤစစ်ကြီးသည် အားလုံးသောအရာတို့ကို ပြောင်းလဲပစ်လိမ့်မည်။ ရှေးစနစ်တို့ကား ဘဝဆုံးလေပြီ။ ပြန်၍အသက်မရှင်နိုင်တော့ပြီ။ ကျွန်ုပ်တို့သည် စနစ်သစ်တစ်ခု တည်ဆောက်မည်ဆိုပါက သတိတရား၊ အသိတရားတို့ဖြင့် တည်ဆောက်ကြစို့။ စနစ်သစ်ကို သေသေချာချာ အဓိပ္ပာယ်ဖော်ကြစို့။ ဖော်ပြီးသော အဓိပ္ပာယ်အရ စေ့စေ့ငငလုပ်ကြစို့။ ဒီမိုကရေစီ*လွှမ်း၍ လွတ်လပ်သောစနစ်ကတစ်ဖက်၊ ဖက်ဆစ်လွှမ်း၍ အရမ်းကျူးလွန်မှုက တစ်ဖက် အတိုက်အခံဖြစ်လေရာ ကျွန်ုပ်တို့၏

* ဒီမိုကရေစီနိုင်ငံများဆိုသည်မှာ အင်္ဂလန်၊ ပြင်သစ်၊ အမေရိက စသည်တို့ကို ဆိုလိုသည်။ ဖက်ဆစ်နိုင်ငံများဆိုသည်မှာ ဂျာမနီ၊ ဂျပန်၊ အီတလီ စသည်တို့ကို ဆိုလိုသည်။

mgyoe.com

mgyoe.com



ဝေဒနာသည် ဒီမိုကရေစီ တို့ဘက်သို့ ညွှတ်ရမည်မှာ မလွဲမရှောင်သာပေ။ ၎င်းပြင် အရမ်းကျူးလွန် ကြသော ဖက်ဆစ်များက နိုင်နင်းအောင်မြင်မှုကို ကျွန်ုပ်တို့သည် တွေး၍မျှ မတွေးကြလိုပေ။

"အိန္ဒိယသည် သူ့တာဝန်ကို သူ လုံးဝကျေစေလိုသည်။ ၎င်းပြင် စနစ်သစ်ကြီးကို တည်ဆောက်ရေးအတွက် တိုက်ပွဲတွင် အိန္ဒိယ၏ လူအား၊ ပစ္စည်းအားတို့ကို သွန်ထည့်လိုက်စေလိုသည်။ သင်တို့သည် သင်တို့၏ အမြင်တိုသော ဂုဏ်ပြိုင်မှုနှင့် အသေးအဖွဲ့အတိုက်အခံဖြစ်မှု ကလေးများကို စွန့်ပယ်နိုင်လောက်အောင် အားရှိလိမ့်မည်၊ ဉာဏ်ရှိလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်သည်။ အိန္ဒိယပြည်၏ လွတ်လပ်ရေးနှင့် ကမ္ဘာတွင် စနစ်သစ်ကြီး ထူထောင်ရေးကိုသာ စူးစိုက်၍ အခါအခွင့်နှင့်လျော်စွာ ကြိုးစားကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။

ဂျဝါဟာလာနေရူး

(၈–၉–၃၉) (Through A. P.)

ဤစာအုပ်ငယ်ကို ဖတ်သွားသောအခါ ဤနေရူး၏ အာဘော်ကို နှလုံးသွင်းထားစေလိုပါကြောင်း။

❖

mgyoe.com

mgyoe.com

# (၁)

## ချိန်ဘာလိန်က စစ်မတိုက်လို

"ယနေ့သည် ကျွန်ုပ်တို့အားလုံးအဖို့ ဝမ်းနည်းဖွယ်ကောင်းသော နေ့ ဖြစ်ပါသည်။ ကျွန်ုပ်အဖို့ထက် မည်သူ့အဖို့မျှပို၍ ဝမ်းနည်းဖွယ် မဖြစ်နိုင်ပါ။ ကျွန်ုပ်လုပ်ခဲ့သော အလုပ်တိုင်း၊ ကျွန်ုပ်မျှော်လင့်ခဲ့သော အရာတိုင်း၊ အများအကျိုးကို ဆောင်ရွက်ရာ၌ ကျွန်ုပ်၏ယုံကြည်ချက်တိုင်းတို့သည် ဖရိုဖရဲ ပြိုလဲကုန်လေပြီ။"

"ငြိမ်းချမ်းရေးရပါမည့်အကြောင်း ကြာရှည်လေးမြင့် ကြိုးစားလာခဲ့သော ကျွန်ုပ်အတွက် ဤအချက်သည် မည်မျှအသည်းနာစေမည်ကို သင် စဉ်းစားပင် စဉ်းစားနိုင်မည်မထင်ပါ။"

"ယခုမူ ကျွန်ုပ်အတွက် သက်သာရာတစ်ခုသာ ရှိတော့သည်။ ကျွန်ုပ်တို့ အင်အားရှိသမျှ၊ တန်ခိုးရှိသမျှဖြင့် အောင်မြင်အောင် တိုက်ခိုက်ပြီးလျှင် ကျွန်ုပ်တို့ဇွဲမျိုးခံ၍ လုံးပန်းခဲ့သော ငြိမ်းချမ်းရေးကို ရလိမ့်မည်ဟု မျှော်လင့်မိသည်။ ယခုစစ်ပွဲတွင် ကျွန်ုပ် ဘယ်အခန်းက ကပြနိုင်မည်ကို ကျွန်ုပ်မပြောနိုင်ပါ။ ဥရောပတိုက်တွင် လွတ်လပ်ရေး ပြန်လည်ရရှိရန် ဟစ်တလာဝါဒကို ဖြိုဖျက်ပြီးသောနေ့ရက်ကို မီလိမ့်ဦးမည်ဟု

mgyoe.com

mgyoe.com


ကျွန်ုပ် အားထားယုံကြည်လျက် ရှိပါသည်။"

စသည်ဖြင့် စက်တင်ဘာလ ၃ ရက်နေ့တွင် အင်္ဂလန်က ဂျာမနီကို စစ်တိုက်ပြီဟု ကြေညာရင်း အင်္ဂလန်နန်းရင်းဝန်ကြီး ချိန်ဘာလိန်က မိန့်ခွန်းခြွက်ခဲ့လေသည်။

ဟုတ်ပေသည်။ ချိန်ဘာလိန် (ဝါ) ဗြိတိသျှအစိုးရကား တကယ်ပင် စစ်မတိုက်လိုခဲ့ပေ။ စစ်မတိုက်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့လေသည်။ ယခု စစ်ဖြစ်ခါနီးတဲတဲတွင်ပင် ချိန်ဘာလိန်သည် ဂျာမနီပြည်ရှိ ဗြိတိသျှ သံအမတ်ကြီး ဆာဟင်ဒါဆင်ကို ဟစ်တလာထံသို့ အကြိမ်ကြိမ် အခေါက်ခေါက် စေလွှတ်ကာ စေ့စပ်ခဲ့လေသည်။ (ဩဂုတ်လ ၂၄ ရက်နေ့ကစ၍ စက်တင်ဘာလ ၂ ရက်နေ့တိုင်)

ချိန်ဘာလိန်တို့သည် ဘာကြောင့်စစ်မဖြစ်ချင်သနည်း။ ဟစ်တလာကို ကြောက်၍လော။ ဗြိတိသျှတို့မှာ အားအင်ကုန်ခန်းနေ၍ပင်လော။ လက်အောက်ခံနိုင်ငံတွေ "တောမီးလောင် တောကြောင်လက်ခမောင်းခတ်" ကြမည်ကို စိုးရိမ်၍ပေလော။

၁၉၁၄–၁၈ ခုနှစ်၊ ကမ္ဘာစစ်ကြီး၏ အဖြစ်အပျက်များသည် ချိန်ဘာလိန် စသော ဗြိတိသျှအစိုးရများ၊ ကမ္ဘာသူကမ္ဘာသားများ၏ မှတ်သားဉာဏ်တွင် စိမ်းလန်းလတ်ဆတ်စွာ ရှိနေသေးသည်။ ထိုအဖြစ်အပျက်များကို သေသည့်တိုင်အောင်လည်း မေ့နိုင်ကြမည်မဟုတ်ပေ။

ထို ပထမစစ်ပွဲကြီးအတွင်းက စစ်ဘေးကြောင့် သေကျေပျက်စီးသော စစ်သား၊ အရပ်သား အားလုံးပေါင်း၏ အရေအတွက်မှာ ၄၁,၄၃၅,၀၀၀ ဖြစ်လေသည်။ အကြမ်းအားဖြင့်ဆိုသော် ကမ္ဘာရှိသမျှ လူများ၏ အပုံလေးဆယ်ပုံ တစ်ပုံ ဖြစ်လေသည်။ (International Parliamertary Union of Inquiry 1931.)

သေသူကား ဤမျှများလှသည်။ မသေဘဲ ကျိုးရုံကန်းရုံ၊ လူစဉ်

mgyoe.com

mgyoe.com


မမိရုံခံနေရသူတို့ကား သန်းပေါင်းများစွာ ရှိသေး၏။

ဗုံးကြဲချလိုက်သဖြင့် တိုက်ပျက်ကြီးတစ်ခုကို စဉ်းစားကြည့်ကြစို့။ ထောင့်တစ်ထောင့်တွင် ဆယ်ပေမျှမြင့်သော အုတ်ထရံသည် မပြိုဘဲ ကျန်ရစ်ခဲ့၏။ ထိုအပေါ်တွင် တံခါးကြီးများက အုပ်ထားလိုက်၏။ အကျိုးအပဲ့၊ သံတိုင်၊ အုတ်ကွပ်အားလုံးကို ထိုအပေါ်တွင် ဖိနေကြ၏။ အထဲတွင် တိုက်ကလေးဖြစ်နေ၏။ အပေါက်မရှိ၊ လေဝင်စရာမရှိ၊ တိုက်ထဲတွင် သားအမိတစ်စုသည် ပိနေ၏။ သူတို့သည် ထွက်ပေါက်ရှာရင်း မောဟိုက်၍ လဲကုန်၏။ အကူအညီအော်၍ ခေါ်ပါသော်လည်း ဘယ်ကမျှမကြား၊ အနီးအနားတွင် ကူညီမည့်သူမရှိ။ လူတို့သည် ဗုံးကြောက်သဖြင့် ထွက်ပြေးကြလေပြီ။ သားအမိတစ်စုသည် လေကောင်းစွာမရသဖြင့် တစ်ယောက်လည်ပင်း တစ်ယောက်ဖက်၍ မေ့လဲသွားကြတော့၏။ အုတ်တိုက်ထောင့်နံရံကလေးသည် တိုက်ရှင်ကို အရှင်လတ်လတ် မြေမြှုပ်သောဂူ ဖြစ်သွားတော့၏။

အပျက်အစီးတို့ကြားမှ တဆန့်ငင်ငင် လှုပ်ရှားနေသော လက်နှစ်ချောင်းကိုလည်း သင် မြင်ရမည်။ ကွေးချည်ဆန့်ချည်ဖြစ်နေသော ခြေထောက်နှစ်ချောင်းကိုလည်း သင် မြင်ရမည်။ လူသေတွေ၊ အလောင်းကောင်တွေကို မြေမမြှုပ်နိုင်တော့သဖြင့် လင်းတစာ၊ ဝက်စာ ကျွေးထားရသည်ကိုလည်း တောင်ပုံယာပုံ တွေ့ရမည်။ လမ်းပေါ်တွင် လူသေကောင်တွေ များလှရာ ဖယ်ရှား၍ မနိုင်တော့သဖြင့် စစ်လက်နက်တင် ကားကြီးများသည် အလောင်းတွေပေါ်ကို လမ်းလုပ်လျက် မောင်းသွားသည်ကိုလည်း ကြုံရသည်။

သင်သည် ယင်ထောင်သောစက္ကူကို မြင်ဖူးသည်မဟုတ်လော။ စက္ကူပေါ်တွင် ယင်သေတို့သည် မည်းနေ၏။ ထို့အတူ ခေါင်းပြတ်များသည် စစ်မြေပြင်ပေါ်တွင် မည်းနေ၏။ ဤကား ကျွန်ုပ်က စိတ်ကူးညာဏ်

mgyoe.com

mgyoe.com


ဖြင့် ထင်ရာတွေးနေသည်မဟုတ်။ တစ်ခါက ရှိုက်တာသတင်းထောက် တစ်ယောက်က ကိုယ်တွေ့ဖော်ပြထားသော ကြေးနန်းသတင်းတစ်ခုကို မှတ်မိသဖြင့် ရေးခြင်းဖြစ်ပေသည်။

တစ်ကိုယ်လုံး အရေတွေ စုတ်ပြတ်နေသဖြင့် အရေဆုတ်ထားသော ဆိတ်ကောင်ကြီးနှင့် တူနေသူတွေလည်း အများရှိ၏။ သေသွားလျှင်ကား တော်သေး၏။ ယခုသော် အသက်ကား ရှင်နေ၍ သွေးတစိုစိုနှင့် ခံစားနေရ၏။ ထိုသူတို့ကို ဆေးကုသဖြင့် ပျောက်ကင်းပါသော်လည်း တစ်ကိုယ်လုံး အမာရွတ်ဖြင့် မည်းနေခဲ့၏။

ခြေပြတ် လက်ပြတ်တွေကား များလှ၏။ အဆိုးဆုံးမှာ နှာခေါင်း၊ နားရွက် မရှိတော့သောသူများ ဖြစ်လေသည်။ အချို့ကား ဆွံ့အကန်း သွားကြလေ၏။

စစ်ဖြစ်သောအခါ၌ လက်ရှိဆေးရုံများ မလောက်သဖြင့် များစွာသော အကျပ်အတည်းတို့နှင့် တွေ့ရလေသည်။ များသောအားဖြင့် စစ်ဖြစ်သောအခါ စာသင်ကျောင်းများကို ပိတ်ထားလိုက်ရပြီး ဆေးရုံ လုပ်ကြရလေသည်။ ထိုမျှသော်လည်း မလောက်မင ဖြစ်ရသေး၏။ တစ်ခါတစ်ခါ နေရာမလောက်သဖြင့် လက်ရှိလူနာများမှ မုချသေလိမ့်မည်ဟု ထင်ရသော အသက်မကုန်သေးသော လူနာများကို သုသာန်သို့ ပို့ရလေသည်။ လက်လျှော့ရပြီဟု ဆုံးဖြတ်သူမှာလည်း များသောအားဖြင့် ကျွမ်းကျင်သော ဆရာဝန်ကြီးများ မဟုတ်ပေ။ ဆရာဝန်ဖြစ်ခါစ လူမျိုး၊ ကွန်ပေါင်ဒါလို လက်ထောက်မျိုးသာ ဖြစ်၏။

စစ်မြေပြင်ရှိ စစ်သားများမှာလည်း အစားအသောက် ရှားပါးသဖြင့် ရက်ပေါင်းများစွာ ငတ်နေကြသေး၏။ အချို့မှာ ငတ်၍သေကြ၏။ တစ်ခါတစ်ခါ လေးငါးည မအိပ်ဘဲနေပြီး တစ်ညလောက်အိပ်၍သာ ကျေနပ်ရှာကြရ၏။

mgyoe.com

mgyoe.com


စစ်မြေပြင်တွင် ၁၈ နှစ်၊ ၁၉ နှစ်သားကလေးများ အများအပြား ပါဝင်၏။ ကျွန်ုပ်တို့ပြည်၌ မိဘများက တစ်ရပ်တစ်ကျေးသို့ မလွှတ်ရက်သေးသော လူငယ်ကလေးများမှာ စစ်ခွင်သို့ ဝင်ကြရလေသည်။

ရေငုပ်သင်္ဘောချင်း တိုက်ခိုက်ရင်း ပင်လယ်အောက်တွင် သေကျေပျက်စီးကြသည်မှာလည်း မရေမတွက်နိုင်လောက်အောင်ပင် ဖြစ်ပေ၏။ ရေငုပ်သင်္ဘော လေပေါက်ပိတ်သဖြင့် သင်္ဘောသမားအားလုံး မွန်းပြီး သေသည်ကိုလည်းကောင်း၊ သင်္ဘောမြုပ်လေရာ အထွက်ပေါက်တွင် သူ့ထက်ငါ အလုအယက်တိုးထွက်ရင်း တစ်၍သေကြသည်ကိုလည်းကောင်း ကြားရလှလေပြီ။

စစ်အတောအတွင်းတွင် အသက်ကိုပင် ရဲဝံ့စွာ မရှုံ့ဝံ့။ အကြောင်းသော်ကား လူသတ်ဓာတ်ငွေ့က လေထဲတွင် ပါလာတတ်သောကြောင့် ဖြစ်သည်။

သင်သည် မြေကြီးအောက်၌ ရှိသည်ဆိုသော အဝီစိငရဲကို ခဏခဏပြော၏။ ယခု လောလောဆယ် ငရဲကို သင်မြင်ပြီမဟုတ်လော၊ ကမ္ဘာစစ်ကြီးသည် ငရဲကို လူ့ပြည်သို့ ခေါ်ဆောင်ခဲ့လေပြီ။

ယခုခေတ် ကမ္ဘာမှာ တစ်ပြည်နှင့်တစ်ပြည် ဆက်နေ၏။ တစ်ပြည့်တစ်ပြည် အညမည အားကိုးကြရ၏။ ဘိလပ်တွင် နေ့စဉ်စားနေသော ပေါင်မုန့်အတွက် ကနေဒါက ဂျုံကို သင်္ဘောများဖြင့် ယူလာရသည်။ ဂျာမနီတွင် စားကြသော အမဲသားများ၊ ဆိတ်သားများကို မိုင်တစ်သောင်းမျှ ကွာဝေးသော သြစတြေးလျမှ ယူဆောင်လာရသည်။ စစ်ဖြစ်သောအခါ သင်္ဘောများ အသွားအလာ ပျက်ကွက်ကုန်ကြ၏။ တိုင်းပြည်များတွင် အစာရေစာ အသုံးအဆောင်ပစ္စည်းများ ကျပ်ကုန်ကြလေ၏။ လူတို့သည် အစာရေစာ ငတ်ကုန်ကြလေ၏။ အစာဝေငှသော နေရာများတွင် ဘုန်းကြီးများ ဆွမ်းကြီးလောင်းတွင် ဆွမ်းခံသလို လူတို့

mgyoe.com

mgyoe.com


သည် စီတန်း၍ စောင့်နေကြသည်ကို မြင်နိုင်၏။ တချို့နောက်ပိုင်းက စောင့်သူတို့မှာ သုံးရက်လုံးလုံးပင် ရလိုဇောနှင့် စောင့်နေ၏။ သူ့အလှည့် ကျသောအခါ အစာကုန်သွား၏။ (See Civil War in U.S.S.R) ပထမကမ္ဘာစစ်ကြီးမဖြစ်မီက ရုရှားပြည်တွင် အဖြစ်အပျက်)ကုလားဗမာ အဓိကရုဏ်းလို တိုင်းပြည်တွင် အစားအသောက်အဓိကရုဏ်းများ ဖြစ် လေကုန်၏။

မိုင် ၇၀၀၀ ကျော်ဝေးသော ဂျာမနီဆီ၌ စစ်ဖြစ်လေရာ ကျွန်ုပ်တို့ အား ယခုလာ၍ "ထိ" နေသည်ကို တွေးကြည့်လျှင် စစ်၏အညစ်အကြေး များကို ကောင်းစွာ ခံစားမိကြပေလိမ့်မည်။

အိမ်ခြေတိုက်တာ ကြီးကျယ်ခမ်းနားလှပေသော ပြတိုက်ကြီးများ တက္ကသိုလ်ကျောင်းကြီးများ၊ ရုပ်ရှင်ရုံကြီးများ၊ လွှတ်တော်အဆောက် အအုံကြီးများ ပျက်စီးပြိုလဲကြသည်ကိုကား အထူးပြောဖို့မလိုပေ။

အစိုးရလုပ်သူတို့မှာလည်း စစ်လက်နက်များ၊ စစ်သား၊ ရိက္ခာ များ၊ ခဲယမ်းမီးကျောက်များအတွက် နင့်နေအောင် ကုန်လေသည်။ ၁၉၁၄ ခုနှစ် ပထမစစ်ကြီးတွင် ဗြိတိသျှအစိုးရတစ်ခုတည်းသည် အစိုးရတွင် ရှိသမျှငွေတွေ ကုန်သည့်အပြင် ဒေါ်လာ ၈၁၁၀,၀၀၀,၀၀၀ ကြွေးတင် လေသေးသည်။

ချိန်ဘာလိန်သည် ဤသို့သော စစ်၏ မကောင်းမှုများကို သိလေ သည်။ သူကား ဘီလူးမဟုတ်၊ လူစင်စစ်ဖြစ်၏။ လူကောင်းကြီး၊ သနားတတ်သော အဘိုးကြီးဖြစ်၏။ သူ့တစ်ယောက်တည်း နန်းရင်းဝန် မဟုတ်ဘဲ ချိန်ဘာလိန်ဆိုသော လူသာမန်တစ်ယောက်အနေဖြင့်သာ ဆိုလျှင် သူသည် ဤမကောင်းမှုများအတွက် အရှက်ပင်ကွဲကွဲ၊ အသက် ပင်သေသေ စစ်ကို တိုက်မည်မဟုတ်ပေ။

သူတို့ပင်သာမက ဘော်လ်ဒွင် (နန်းရင်းဝန်ဟောင်း) နှင့် ကလီ

mgyoe.com

mgyoe.com



မင်ကို (ပြင်သစ်နန်းရင်းဝန်ကြီးဟောင်း) တို့လည်း သို့ကလိုပင် စစ်ကို မလိုလားကြ။

"ကမ္ဘာစစ် နောက်တစ်ကြိမ်ဖြစ်လျှင် အခေတ်ခေတ်အခါ ခါက စုဆောင်းဆောက်တည်လာခဲ့ကြသော လူတို့၏ကြီးပွား၊ ယဉ်ကျေးမှုသည် ရောမအင်ပါယာကြီးကဲ့သို့ ပျက်ပြားကြွေမွ ကုန်မည်ဖြစ်သည်။"

ဘော်လ်ဒွင်။ ၈.၁.၂၆။

ယခု ဖြစ်ပွားလာခဲ့သော ဒုတိယစစ်ကြီးသည် မည်မျှကြောက်မက် ဖွယ်ကောင်းမည်ကို လူဒင်ဒေါ့ဖ်ခေါ် ဂျာမန်စစ်ဗိုလ်ကြီးတစ်ဦးက အောက်ပါအတိုင်း ကြိုတင်၍ပြောခဲ့၏။

"နောက်လာမည့်စစ်သည် လူအမျိုးအားလုံးကို သုတ်သင်ပစ် မည့်စစ်ဖြစ်ရကား ယောကျ်ားတိုင်း၊ မိန်းမတိုင်း၊ ကလေးတိုင်း၏ မအိပ်သောအချိန်တွင် လုပ်သမျှလုပ်ငန်းအားလုံးသည် ဤ အတွက် ကြိုတင်၍ ပြင်ထားကြမှုဖြစ်ရမည်။"

ထိုသို့ဆိုလျှင် စစ်ကို သူတို့မလိုလားကြသည်မှာ အံ့ဩဖွယ်မရှိ ပေ။ သို့သော် သူတို့ကား စစ်ကို မကွင်းနိုင်ကြပေ။

မကြာမီက ရေကြီးသောအခါ မြန်မာပြည်တွင်ရှိသော တောသူ တောင်သားတို့သည် ရေကို မကာကွယ်နိုင်သကဲ့သို့ သူတို့သည် စစ်ကို မကာကွယ်နိုင်ကြချေ။ အချို့သော မြင်းတို့သည် ရှိကုန်၏။ ၎င်းတို့ကျော ပေါ်သို့ရောက်လျှင် ဒုန်းစိုင်းမှ ကြိုက်၏။ ဒုန်းမစိုင်းဘဲ ဇက်ဆွဲထားလျှင် စီးသူကို ခါ၍ချ၏။ ထို့အတူ ချိန်ဘာလိန်တို့ကဲ့သို့ ဓနရှင်လောကကြီးကို ဦးစီးသူတို့သည် စစ်မြင်းကို ဒုန်းစိုင်း၍ စီးရမည်သာ။ မရဲသောကြောင့် ဇက်ကိုဆွဲထားလျှင် မြင်းပေါ်မှ လိမ့်ကျမည်ဖြစ်ပေ၏။

သို့ဖြစ်လျှင် စစ်မြေပြင်သို့ လူတို့ကို တွန်း၍ပို့နေသော သတ္တိ

mgyoe.com

mgyoe.com


တန်ခိုးကား ဓနရှင်လောကတွင် ကိန်းအောင်းနေသည်ဟု ဆိုမည်လော၊ အခြားတစ်နေရာရာတွင် ကိန်းအောင်းနေသလော။ ကျွန်ုပ်တို့ ကြံဆကြဦးစို့။

❖

mgyoe.com

mgyoe.com

# (၂)

## ပိသာလေးအစား ဖုံးကိုကိုင်ရသော ကုန်သည်

အုတ်တစ်ချပ်စီ တစ်ချပ်စီကို ဆင့်၍တင်ထားကာမျှဖြင့် တိုက်တာမဖြစ်နိုင်၊ တိုက်အုတ်များကို တစ်ခုနှင့်တစ်ခု အင်္ဂတေဖြင့် ဆက်စပ်ရသေးသည်။ ထို့အတူ လူတစ်ယောက်စီ တစ်ယောက်စီ စုနေကာမျှဖြင့် လောကကြီးမဖြစ်။ ထိုလူတို့သည် တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ရှိပါမှ လူလောကကြီး ဖြစ်လာသည်။ အုတ်တိုက်ကြီး၏ ခိုင်ခံ့မှုမှာ အင်္ဂတေအပေါ်တွင် တည်ရှိသကဲ့သို့ လူ့လောကကြီး၏ ခိုင်မြဲတည်တံ့မှုမှာ လူတစ်ဦးနှင့်တစ်ဦး ဘယ်ပုံဘယ်နည်းဆက်သွယ်သည်ဟူသော အချက်တွင် တည်ရှိလျက်နေပေသည်။ သင်သည် လူ့လောကကြီး ခိုင်မြဲမှုတွင် စိတ်ဝင်စားသူဖြစ်ပါက လူတို့၏ ဆက်သွယ်မှုများတွင် စိတ်ဝင်စားရပေမည်။ ယခုလောက လူတို့ဆက်သွယ်မှုကား အသို့နည်း။

လူတို့အဖို့ စားသောက်ရေး၊ နေထိုင်ရေး၊ ပျော်ရွှင်ရေးတို့သည် အဓိကအချက်များ ဖြစ်လေသည်။ "သဗ္ဗေသတ္တာ၊ အာဟာရဋ္ဌိတိကာ"

mgyoe.com

mgyoe.com


ဆိုသော စကားအရ လူနှင့်တကွသော သတ္တဝါအားလုံးသည် အာဟာရ အပေါ်တွင် တည်ကြကုန်၏။ လူတို့သည် အစားအသောက် မမှိဝဲဘဲနှင့် အသက်မရှင်နိုင်။ ထို့ကြောင့် စားသောက်ရေး (ဝါ) ဝမ်းကျောင်းရေး (ဝါ) စီးပွားရေးသည် အရေးအကြီးတကာ့ အကြီးဆုံးဖြစ်ပေ၏။ ထိုသို့ ဖြစ်လျှင် ဝမ်းရေးတွင် လူတို့၏ဆက်သွယ်မှု (ဝါ) လူတို့၏စီးပွားရေး ဆက်သွယ်မှုသည် အရေးအကြီးဆုံး ဖြစ်ရပေလိမ့်မည်။

ကမ္ဘာဦးပေါ်စတွင် လူဦးရေကား နည်းလှပေ၏။ မြေဆီမြေနှစ်ဟု ဆိုအပ်သော သစ်သီးဝလံတို့ကား ပေါများပေ၏။ ထိုအခါ၌ လူတို့သည် သစ်သီးဝလံကို ပဒေသာပင်မှ ဆွတ်ခူးသလို လွယ်ကူစွာ ဆွတ်ခူးသုံးစွဲ နိုင်လေ၏။ လုဖို့ ယက်ဖို့မလို၊ သိုလှောင်ထားဖို့မလို။ ထိုအခါ၌ လူတို့ သည် ဝမ်းရေး၌ တစ်ဦးနှင့်တစ်ဦး အတိုက်အခံမဖြစ်။ သူတို့၏ ဝမ်းရေး ဆက်သွယ်မှုမှာ လွန်စွာ အဆင်ပြေပေ၏။ ဝမ်းရေးနှင့်ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး မှီခိုရသည်မရှိ။ ညီမျှစွာ ခံစားနိုင်ခွင့်ရလေ၏။ ထိုခေတ် ထိုအခါ၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစသော တရား မျိုး ထွန်းကားနိုင်ပေ၏။ ဝမ်းရေးတွင် အတိုက်အခံမဖြစ်ရသူတို့သည် တစ်ဦးနှင့်တစ်ဦး မေတ္တာပျက်ဖွယ် ရှိနိုင်ပါဦးမည်လော။ ကရုဏာ ကင်းနိုင်ပါဦးမည်လော။

လူဦးရေကလည်း များ၍လာ၊ သစ်သီးဝလံတို့ကလည်း ခေါင်းပါး ၍လာ၊ အလေ့ကျသလေး စပါးဆိုသည်တို့ကလည်း တုံး၍လာသော အခါ လူတို့သည် ဝမ်းရေးအတွက် လောဘတကြီး ရှာဖွေလာရလေ၏။ တစ်ဦးနှင့်တစ်ဦး ဝမ်းရေးတွင် အတိုက်အခံဖြစ်လာလေ၏။ ထိုအခါ ဗြဟ္မစိုရ်တရားတို့သည် ကွယ်ပျောက်ရတော့၏။ လူတို့သည် သစ်သီး ဝလံ လွယ်လင့်တကူ မရသဖြင့် သစ်ကောင်၊ ဝါးကောင်ကို လိုက်လံပစ် ခတ်၍ စားရလေ၏။ လူတို့သည် ကြမ်းတမ်းရက်စက်လာရလေ၏။

mgyoe.com

mgyoe.com


လူလူချင်းပင် သတ်ဖြတ်ရသည့်အခါများနှင့် ကြုံလေတော့၏။ ထိုအခါ၌ လေးမြားလက်နက်မှတစ်ပါး လူတွင် ကိုယ်ပိုင်ပစ္စည်း ဘာမျှမရှိပေ။

သစ်ကောင် ဝါးကောင်တို့မှာလည်း ရှားပါးစပြုလာခဲ့၏။ လူဦးရေမှာ တိုးပွားလာလေ၏။ လူသည် အသက်ရှင်နေရမည်ဆိုပါက ဝမ်းစာကို ရှာရမည်။ အခါမရွေး တိုက်ခတ်၍ နှိပ်စက်နေသောလေဘေး မှ ကာကွယ်ရန်တစ်ကြောင်း၊ ညီညာသော လယ်ကွက်နှင့်ရေကို လွယ်လင့်တကူ ရနိုင်သဖြင့်တစ်ကြောင်း၊ ငါးမျှားရန် နီးသဖြင့်တစ်ကြောင်း လူတို့သည် မြစ်ကမ်းဘေး မြစ်ဝှမ်းတစ်လျှောက်သို့ သွားရောက်နေထိုင်ကြလေကုန်၏။ မြို့ရွာများ အတည်တကျ တည်ထောင်ကြရတော့၏။ အကြီးအကဲ သမ္မတများတင်မြှောက်၍ အစိုးရအဖွဲ့များထားကြရလေ၏။ လယ်ယာ အိမ် ထွန်လှည်း စသည်ဖြင့် လူတို့တွင် ကိုယ်ပိုင်ပစ္စည်းများ ထားလာရပေတော့၏။ ဝမ်းရေးနှင့် ပတ်သက်ပြီးပြဿနာအမျိုးမျိုး ပေါ်ပေါက်လာခဲ့ပေ၏။ မြေဆီမြေနှစ်ကို စားနေသောခေတ်က မိန်းမတို့သည်လည်း ယောကျ်ားတို့ကဲ့သို့ လွယ်ကူစွာ ရှာစားနိုင်ကြ၏။ ဝမ်းရေးတွင် မိန်းမတို့သည် ယောကျ်ားတို့နှင့် ရင်ပေါင်တန်းလိုက်နိုင်ကြ၏။ မိန်းမနှင့်ယောကျ်ား တန်းတူခံစားခွင့်ရှိ၏။ အမဲလိုက်သောခေတ်တွင် မိန်းမကား ယောကျ်ားလောက် အမဲရှာမကောင်း၊ အကြမ်းမခံနိုင်။ ထိုအခါ မိန်းမသည် ယောကျ်ားနောက်လိုက်ဖြစ်သွားလေ၏။ မြို့ရွာတည်ထောင်သောခေတ်သို့ ရောက်သောအခါ မိန်းမကား ထမင်းချက်၊ ကလေးထိန်း။ ယောကျ်ားကား ဝမ်းရေးရှာဘဝတို့သို့ ရောက်သွားလေ၏။ ယောကျ်ားသည် မိန်းမ၏ ခေါင်းဆောင်အရှင်လင် ဖြစ်လာလေ၏။ ထိုခေတ်ကစ၍ ငါ့အိမ် ငါ့ယာ ငါ့မယား စသည့်အစွဲများသည် ပေါ်ပေါက်ခဲ့ပြီ။ ငါ့အိမ်အတွက် ဥပဒေတွေ လုပ်ကြ၏။ ငါ့လယ်ယာအတွက် ရန်ဖြစ်ကြ၏။ ငါ့မယားအတွက်

mgyoe.com

mgyoe.com


ပြုစုကြ၏။

ဤသည်ကား ဝမ်းရေးသည် လူ့ခေတ်ကို ပြောင်းလဲစေကြောင်း ရှင်းပြမှုတည်း။ ဝမ်းရေးဆက်သွယ်မှုသည်ပင် လောကကြီး၏ ပင်စည် ပင်မကြီးဖြစ်သတည်း။

ယခု မျက်မှောက်လူတို့၏ ဝမ်းရေးဆက်သွယ်မှု (ဝါ) စီးပွားရေး ဆက်သွယ်မှုကား အဘယ်သို့နည်း။

ယခုခေတ်တွင် လူတို့၏ အသက်မွေးမှုမှာ အမဲလိုက်ခြင်း၊ သစ်သီးဝလံချူခြင်း စသည်တို့ မဟုတ်တော့ဘဲ တောင်သူလယ်ယာ လုပ်ကိုင်ခြင်းနှင့် အလုပ်ရုံစက်ရုံတို့ဖြင့် ကုန်ပစ္စည်းလုပ်ကိုင်ခြင်းများသာ ဖြစ်လေသည်။ ရှေးက လယ်သီးယာသီးများကို အမြတ်ယူ၍ ရောင်းချခြင်းမပြုဘဲ တစ်ဦးနှင့်တစ်ဦး တစ်ဦးအကျိုးကို တစ်ဦးကြည့်၍ ဖလှယ်၍စားကြသည်။ ယခုမူ ကုန်သည်ကြီးများသည် တောင်သူများထံမှ လယ်သီးယာသီးကို ဝယ်၍ တစ်ဆင့်ရောင်းချစားကြသည်။ တောင်သူများထံမှ ဝယ်သောအခါ၌လည်းကောင်း၊ တစ်ဆင့်ရောင်းချထုတ်ဝေသော အခါ၌လည်းကောင်း ကုန်သည်သည် တောင်သူ့အကျိုးကိုကြည့်၍ မဝယ်။ တစ်ဆင့်ဝယ်ယူသူ အကျိုးကိုကြည့်၍လည်း မရောင်း။ သူ အမြတ်ရမှုကိုသာ ဂရုပြု၍ ဝယ်မှုရောင်းမှုကို ပြုလေသည်။

ရှေးအခါက အင်္ဂလိပ်ကုန်သည်ကြီးများသည် ကုလားပြည်၊ ဗမာပြည်တို့သို့ ကုန်ကူးသန်းရောင်းဝယ်ရန် လာရောက်ကြလေသည်။ ၎င်းတို့သည် ကုလား–ဗမာ တောင်သူများထံမှ သစ်၊ ဆန်စပါး၊ ဟင်းခတ် အမွှေးအကြိုင်၊ သတ္တုရိုင်းများကို ဝယ်ယူရာ၌ နည်းအမျိုးမျိုးကိုသုံး၍ ဝယ်ဈေးကို ချလေသည်။ ထိုပစ္စည်းများကို ဥရောပတိုက်သို့ ယူဆောင်လာပြီး အမြင့်နိုင်ဆုံးသော ဈေးဖြင့် ရောင်းချလေသည်။ ထိုသို့ဖြင့် အမြတ်ငွေများစွာ ရရှိလေ၏။ စုမိသောအမြတ်ငွေကို အိန္ဒိယ–ဗမာပြည်

mgyoe.com

mgyoe.com



တို့၍ လယ်ယာချောင်းမြောင်း သစ်ထွင်၍ စိုက်ပျိုးရေးချဲ့ခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်း စသည်တို့တွင် အရင်းမြှုပ်ပြန်လေသည်။ (ဗမာပြည်၌ ထိုငွေကို ချစ်တီးများထံမှတစ်ဆင့် မြှုပ်လေသည်။)

အမြတ်ငွေကိုကြည့်၍ ရောင်းဝယ်ရေးသည် လယ်ယာကိုင်းကျွန်းလုပ်ကိုင်ရေး၌ လွှမ်းမိုးလေ၏။ တောင်သူကလေးသည် စပါးစိုက်၍ ခါတိုင်းလို စပါးအပိုကို အဝတ်ရက်ရန်အတွက် ဝါဂွမ်းနှင့် မလဲလှယ်တော့ဘဲ ရောင်းချလိုက်လေသည်။ ရောင်းချရသောငွေဖြင့် အဝတ်အထည်ဝယ်သည်။ မီးခြစ်ဝယ်သည်။ ဆေးလိပ်ဝယ်သည်။ (မီးခတ်– ဆေးတံပျောက်ရ၏) တည်ငြိမ်နေသောရေပြင်တွင် ခဲကြီးတစ်လုံးကို ပစ်ချလိုက်သောအခါ ရေတစ်ပြင်လုံး လှုပ်ရှားလှိုင်းခတ်သွားသကဲ့သို့ အမြတ်ငွေကိုကြည့်၍ ရောင်းဝယ်ရေးသည် လယ်သမား၏ စီးပွားရေး ဆက်သွယ်မှုတစ်ခုလုံးကို လှုပ်ရှားပြောင်းလဲသွားစေပေ၏။ တစ်ဦးကိုတစ်ဦး အမြတ်တင်မှု (ဝါ) အညွန့်ခူးမှု (ဝါ) လူပေါ်လူဇော်လုပ်မှုသည် လူတစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှု ဖြစ်လာခဲ့ပေ၏။ တစ်ဦးကိုတစ်ဦး အညွန့်ခူးခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး အတိုက်အခံဖြစ်တော့၏။ ခိုက်ရန်ပွားတော့၏။ လူတစ်ယောက်ကိုသာ ကွက်၍မတွေးဘဲ တစ်မျိုးလုံးကို တွေး၊ လူတစ်တန်းစားလုံးကို တွေးလိုက်သော် လူတစ်မျိုးနှင့်တစ်မျိုး၊ လူတစ်တန်းစားနှင့် တစ်တန်းစား ခိုက်ရန်ပွားတော့၏။

ကုန်သည်ကြီးသည် လယ်သီးယာသီးတို့မှ အမြတ်အစွန်းသည်များသည်ထက်များ၍ ရခဲ့လေ၏။ ထိုအခိုက်၌ လက်မှုပညာသည် စက်မှုပညာသို့ တိုးတက်လျက်ရှိပေ၏။ မြင်း နွားတို့ "အား" အစား၊ ရေနွေးငွေ့ "အား" သည် အစားထိုးလျက်ရှိပေ၏။ အဆိုပါ အမြတ်ငွေများဖြင့် ကုန်သည်ကြီးသည် စက်ရုံကြီးများကို တည်ထောင်၏။ ကုန်ပစ္စည်းများကို ထုတ်လုပ်လိုက်၏။ သူသည် ဓနရှင်ကြီးဖြစ်လာခဲ့၏။

mgyoe.com

mgyoe.com


သူ့ကလို ဓနရှင်ဖြစ်လာသူတို့ကလည်း အများသား။ ထို့ကြောင့် ဥပမာ လန်ကက်ရှိုင်ယားမြို့တွင် စက်ပိုင်ကြီးတစ်ဦးသည် လန်ကက်ရှိုင်ယား မြို့နှင့် နယ်အတွက် တစ်နေ့လျှင် အထည်စ ကိုက် ၁၀၀၀ ရောင်း၍ တွင်သည်ဆိုပါတော့။ သူတစ်ယောက်တည်း မှိန်း၍ ရောင်းချခွင့်ရလျှင် တော်ပေသေး၏။ သူ့လို ဓနရှင်လုပ်ချင်သူ သုံးယောက်လောက် ပေါ်လာ ခဲ့၏။ လေးယောက်ပေါင်း တစ်ယောက် ၂၅၀ ကိုက်စီ ခွဲ၍ လုပ်ကြလျှင် ကား တော်ပေသေး၏။ သို့သော် ဤကား မဖြစ်နိုင်။ ဓနရှင်တိုင်း ကိုက်တစ်ထောင်လုံး ရောင်းချင်၏။ နေ့စဉ် ကိုက်တစ်ထောင်လုပ်လေ ၏။ ထိုအခါ လန်ကက်ရှိုင်ယားက သုံးနိုင်သည်ထက် ကိုက် ၃၀၀၀ ပို ထွက်နေသည်ကို တွေ့ရ၏။ ကိုက် ၃၀၀၀ အတွက် မြို့ပြင်ထွက်၍ ဈေးရှာရ၏။

တစ်တိုင်းပြည်လုံးနှင့် ခြုံစဉ်းစားလိုက်လျှင် ကုန်ပစ္စည်းများကို ရောင်းချနိုင်ရန် ပြည်ပဈေးများ ရှာရလေ၏။ စက်မှုမထွန်းကားသေးသော တိုင်းပြည်များသို့ သွား၍ ရောင်းချရ၏။ ထို့ပြင်မကသေး၊ စက်ရုံများတွင် အထည်လုပ်ရန် ဝါဂွမ်းတည်းဟူသော ကုန်စိမ်းများကို လိုသေး၏။ ပြည်ပမှ ကုန်စိမ်းများ ရှာရပြန်၏။

ထို့နောက် စက်ပိုင်၊ လုပ်ငန်းပိုင် ဓနရှင်ကြီးတွင် အမြတ်ငွေတွေ များသည်ထက် များလာလေရကား ထိုငွေများကို အတိုးယူ၍ ငွေချေးလို ၏။ ဘဏ်တိုက်ကြီးများတွင် အရင်းစိုက်လေ၏။ အခြားနိုင်ငံများရှိ မီးရထားဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ ရေကန်တူးခြင်းများတွင် အရင်းစိုက်ထားလေ၏။

၁။ တိုင်းပြည်တစ်ပြည်တွင် သူ့ကုန်စည်များကို သူ ကြိုက်ဈေး ဖြင့် လွတ်လပ်စွာ ရောင်းချရန်၊

၂။ သူ့စက်တွင် လိုသော ကုန်ရိုင်းကုန်စိမ်းများကို ကြိုက်ဈေး

mgyoe.com

mgyoe.com


ဖြင့် လိုသောအခါ၌ လိုသလောက်ရနိုင်ရန်၊

၃။ သူ့ငွေ ပိုငွေလျှံများကို လုံခြုံစိတ်ချရစွာ အရင်းမြှုပ်ထားနိုင်ရန်။

ဓနရှင်သည် လက်အောက်နိုင်ငံ ကိုလိုနီများ ရှာရလေတော့၏။ ကိုလိုနီသိမ်းပိုက်ခြင်းမှာ နှစ်ပေါင်း ၂၀၀ ကျော်က စခဲ့သော အလုပ်ဖြစ်လေသည်။ ယခုလည်း အဆုံးမသတ်သေးပေ။

ယခု ရေးခဲ့သမျှကို သင်သည် သုံးသပ်ဆင်ခြင်ပါလျှင် မညီမျှမှု နှစ်မျိုးကို တွေ့ရပေလိမ့်မည် (၁) လယ်သီးယာသီးကို ကြိုက်ဈေးဖြင့် မရောင်းနိုင်သော တောင်သူနှင့် စက်ရုံတို့တွင် လိုသောအဖိုးအခကို မရသော အလုပ်သမားတို့ကတစ်ဖက်၊ ဈေးကို ကြိုက်သလိုပြုပြင်၍ ထင်သလိုရောင်းနေသော ကုန်သည်နှင့် အမြတ်ရမှုတစ်ခုကိုသာ ကြည့်ရှုရသော စက်ပိုင် ဓနရှင်တို့ကတစ်ဖက်။ တစ်ဖက်နှင့်တစ်ဖက် မညီမျှဘဲ နေခြင်း (ဝါ) ဆင်းရဲသားတို့မှာ ဆင်းရဲသည်ထက် ဆင်းရဲပြီး၊ ဓနရှင်တို့မှာ ချမ်းသာသည်ထက် ချမ်းသာသွားစေသော မညီမျှမှု။ (၂) စက်မှုလက်မှု ကြီးကျယ်ထွန်းကားသော နိုင်ငံကြီးများနှင့် ထိုနိုင်ငံကြီးများ၏ လက်ခုပ်တွင်းကရေလို လုပ်ကိုင်ခံနေရသော လက်အောက်ခံနိုင်ငံတို့ မညီမျှမှု (ဝါ) သခင်နိုင်ငံနှင့် ကျွန်နိုင်ငံတို့ မညီမျှမှု။

ထိုမညီမျှမှုကို ဓနရှင်ကြီးများနှင့် ထွန်းကားသော နိုင်ငံကြီးများက လိုလား၏။ ထိုမညီမျှမှု တည်တံ့ခိုင်မြဲအောင် အမျိုးမျိုးဆောင်ရွက်ရလေ၏။ ထိုမညီမျှမှုကို ဆင်းရဲသား လူထုကြီးများနှင့် လက်အောက်ခံနိုင်ငံတို့က မလိုလား မခံမရပ်နိုင်။ ထိုမညီမျှမှုကို ဖြိုဖျက်ဖျောက်ပယ်ရန် ကြံစည်စိုင်းပြင်းကြကုန်၏။ သင်သည် ကြိုးနှင့်ချည်ထားသော ကြက်ကလေးထွက်ပြေးရန် ရုန်းကန်လျှင် သင် ဘယ်လိုလုပ်သနည်း။ သင်သည် အတင်းဆွဲထားမည်၊ "ဆောင်း" နှင့်သော်လည်း အုပ်ထားမည်။ ဓနရှင်

mgyoe.com

mgyoe.com


ကြီးများနှင့် နိုင်ငံကြီးများသည်လည်း ထိုအတူပင်ဖြစ်၏။ အတင်းလုပ်၊ ဓွတ်လုပ်၊ အဓမ္မလုပ်ကြရ၏။

အတင်းလုပ်လျှင် သူတို့က လူနည်းသောကြောင့် ရှုံးလောက်စရာပင်ဖြစ်၏။ သို့သော် သူတို့ကား လက်နက်မြောက်မြားစွာ စုထားသဖြင့် မရှုံးကြပေ။ လက်နက်သည် သူတို့၏ အသက်ဖြစ်ပေ၏။

ဓနရှင်စနစ်သည် အသက်ကြီးလာတိုင်း လက်နက်တွေ တိုးလာသည်ကို တွေ့ရပေမည်။

တစ်ကမ္ဘာလုံးအတွက် လက်နက်ပြင်၍ ကုန်သည့်ငွေမှာ–

| | |
|---|---|
| | ၁၉၁၃၊ ၁၉၂၅၊ ၁၉၃၄၊ |
| ဒေါ်လာငွေသန်းပေါင်း | ၂၅၃၁၊ ၃၅၂၂၊ ၄၉၀၀ |

(ဒေါ်လာတစ်ပြားလျှင် သုံးကျပ်တစ်ပဲမျှဖြစ်၏။)

လက်နက်အားကောင်းသော ပြည်များမှာ ဗြိတိသျှ၊ အမေရိကန်၊ ပြင်သစ်၊ အီတလီ၊ ဂျပန်၊ ဂျာမနီတို့ ဖြစ်သည်။ ပထမငါးနိုင်ငံတွင် ၁၉၁၃ ခုနှစ်မှ ၁၉၃၀ အတွင်း လက်နက်ဖိုး ၁၀၀ လျှင် ၇၈ ပိုလာခဲ့သည်။ ရေကြောင်းစစ်ပြင်ဆင်ရေးအတွက် ၁၀၀ လျှင် ၈၂ အထိ တက်ခဲ့သည်။

တစ်ကမ္ဘာလုံး ကုန်ပစ္စည်းထွက်ခြင်းနှင့် လက်နက်တွင်သုံးခြင်းတို့ကို ယှဉ်ကြည့်ပါဦး။

| | ၁၉၂၈ ခုနှစ်က လက်နက်သည်ထား အတွက် ၁၀၀ ဖိုးသုံး | ၁၉၂၈ ခုနှစ်က ပစ္စည်းတန်ဖိုး ၁၀၀ ထွက်သည်ထား |
|---|---|---|
| ၁၉၁၃ | ၆၄ | ၅၄ |
| ၁၉၁၉ | ၁၀၄ | ၁၀၄ |
| ၁၉၃၀ | ၁၀၆ | ၈၇ |
| ၁၉၃၂ | ၁၀၇ | ၅၆ |

mgyoe.com

mgyoe.com


၁၉၃၂ ခုနောက် အဖို့တွင် တစ်ပြည်နှင့်တစ်ပြည် အပြိုင်အဆိုင် လက်နက်လုပ်ကြလေသည်။ ထိုအတွက် အထက်ပါစာရင်းတို့ထက် များစွာ တိုးလာလေသည်။ အင်္ဂလန်ပြည်တွင် ၁၉၃၂ ခုနှစ်က လက်နက် အတွက် ရွှေဒင်္ဂါးသန်းပေါင်း ၁၀၄ သာ သုံးသော်လည်း ၁၉၃၆ ခုနှစ်တွင် သန်းပေါင်း ၁၆၀ သုံးလေသည်။ (သန်းပေါင်း ၂၅ အပိုသုံးရန် လျာထား သေးသည်) အမေရိကန် *U.S.Aတွင် ၁၉၃၃ ခုနှစ်တွင် ဒေါ်လာငွေ သန်းပေါင်း ၆၂၈ သုံး၍ ၁၉၃၆ ခုနှစ်တွင် ၁၁၆၁ သန်းသုံးသည်။ ဂျပန် တွင် ၁၉၃၁ ခုနှစ်တွင် ယန်ဒင်္ဂါးပေါင်း ၄၅၄ သုံးရာမှ ၁၉၃၆ ခုနှစ်တွင် ၁၃၂၂ သန်း သုံးလေသည်။ (အစိုးရဘဏ္ဍာတော်ငွေ၏ ၅၈ ရာခိုင်နှုန်း ကို သုံးသည်။) ဂျာမနီကမူ သူသုံးသည်ကို ဝှက်ထားသည်။ စာရင်း မပေး။ သို့သော် ချာချီပြောချက်အရ (၁၉၃၆ ခုနှစ်အထဲ) ဟစ်တလာ တက်ခဲ့သော သုံးနှစ်အတွင်း လက်နက်အတွက် ရွှေဒင်္ဂါးသန်းပေါင်း ၁၆၀၀ သုံးသည်ဟု သိရလေသည်။

ယခုကား ပိသဘာလေးအစား မုံးကိုကိုင်ရသော ကုန်သည်ဟု ကျွန်ုပ် ဘာ့ကြောင့်ခေါ်ခဲ့သည်ကို သင်သဘောပေါက်ပြီမဟုတ်ပါလော။

❖

---

*ဤစာအုပ်တွင် အမေရိကန်ဟု ရေးလျှင် ယူ–အက်စ်–အေ ခေါ် အမေရိကန်ပြည် ထောင်စုဟု ဆိုလိုကြောင်း သတိပြုစေလိုသည်။

mgyoe.com

mgyoe.com

# (၃)

## စစ်သုံးမျိုး

မနုရှင်စနစ်သည် သုံးဆင့်ရှိ၏။ ထိုသုံးဆင့်နှင့် ယှဉ်၍ သုံးမျိုးသော စစ်သည် ဖြစ်ပွား၏။

ပထမ။ ။အရောင်းအဝယ်ကိုသာ ပြုသော မနုရှင်စနစ်၊ ဟင်းခတ်အမွှေးအကြိုင်များကို အိန္ဒိယမှဝယ်ပြီး ဥရောပတိုက်တွင် ရောင်းသော မနုရှင်စနစ်မျိုးသာ ဖြစ်လေသည်။ မိမိတို့တိုင်းနိုင်ငံ၌လည်း ကုန်များကို စက်တို့ဖြင့် ထုတ်လုပ်ခြင်းမရှိသေးပေ။ ပြည်တွင်းကူးသန်းရောင်းဝယ်ရေးလောက်သာ ရှိသေးသည်။ မနုရှင်စနစ်၏ ထိုအဆင့်၌ မနုရှင်စနစ်သည် ပဒေသရာဇ်ခေတ်၏ အချုပ်အချယ်များကို ဖြိုဖျက်တော်လှန်ရလေသည်။ အစိတ်စိတ်အမြွှာမြွှာ ကွဲပြား၍ ဟိုကတစ်မင်း၊ ဒီကတစ်မင်းမူနေသော တိုင်းပြည်တွင် တစ်မင်းတည်း၊ တစ်စိုးရတည်းဖြစ်အောင် စုစည်းရလေသည်။ ဥပမာ ဂျာမနီပြည်၌ ထိုခေတ်ဆီက များစွာသော ပဒေသရာဇ်နယ်ကလေးတို့သည် ရှိကုန်၏။ တစ်နယ်နှင့်တစ်နယ် ကူးသန်းရောင်းဝယ်ဖို့ ခက်ခဲ၏။ ဟိုနယ်က ကုန်အပေါ်တွင်၊ ဒီနယ်က

mgyoe.com

mgyoe.com



ပဒေသရာဇ်က လမ်းအကောက် လှည်းအကောက်စသည်ဖြင့် ထင်တိုင်းကောက်ယူနေ၏။ ပဒေသရာဇ်၏ လက်သပ်မွေးလူမိုက်များက ကုန်သည်များကို ဓားပြတိုက်ကြလေ၏။ ထိုသို့ ကုန်ကူးသန်းရောင်းဝယ်မှုကို ပဒေသရာဇ်အုပ်စိုးနည်းက နှောင့်ယှက်နေသဖြင့် ထိုအုပ်စိုးနည်းကို ဖြိုဖျက်ရန် စစ်ဖြစ်ကြရလေသည်။ ဤခေတ်တွင် လက်အောက်ခံကိုလိုနီများ မလိုလှသေးပေ။ အချောင်ရလျှင်သာ ယူထားကြ၏။

ဒုတိယ။ ။ စက်မှုလုပ်ငန်း ဓနရှင်စနစ်၊ ဤအဆင့်တွင် လက်အောက်နိုင်ငံ လိုလှသေးသည်မဟုတ်ပေ။ ဓနရှင်စနစ်အရ ကုန်ပစ္စည်းလုပ်ဆောင်နည်းမှာလည်း နေသားတကျ တည်ထောင်ပြီးလေပြီ။ ပြည်တွင်း၌ ဈေးနှာရှိသမျှကို ဓနရှင်အတွက် ဖွင့်ပြီးလေပြီ။ စက်ရုံကြီးများမှ ထုတ်လုပ်လိုက်သော ကုန်များသည် ဈေးပေါပေါနှင့် များများထွက်သောကြောင့် လွယ်လင့်တကူရောင်း၍ စွံလေသည်။ ဤခေတ်တွင် အမျိုးနိုင်ငံကို တံခွန်ထူ၍ ပြနိုင်ရုံတိုက်သော စစ်ပွဲများသာ ဖြစ်ပွားလေသည်။ အောက်ကျနောက်ကျနိုင်သော နိုင်ငံတွင်းသို့ ထွက်ကုန်များကိုသွင်းလေရာ တစ်ခါတစ်ခါ အနှောင့်အယှက် တွေ့ရလေသည်။ ထိုအနှောင့်အယှက်ကို ကျော်နိုင်ရုံ စစ်ပွဲများ ကျင်ရလေသေးသည်။ ဥပမာ ၁၈၄၂ ခုနှစ်က တရုတ်ပြည်သွင်းဖို့ ဘိန်းကို ထင်တိုင်းမသွင်းရသဖြင့် ဗြိတိသျှက တရုတ်ကို တိုက်လေသည်။

ပြီးခဲ့သောအခန်းက ကျွန်ုပ်သည် မညီမျှခြင်းနှစ်မျိုးကို ဖော်ပြခဲ့လေသည်။ ဆင်းရဲသူနှင့် ချမ်းသာသူ မညီမျှခြင်းကို ခိုင်မြဲစေရန် (ဝ) ဆင်းရဲသူနှင့် ချမ်းသာသူကို မတော်လှန်နိုင်ရန် ဥရောပတိုက်တွင် ချမ်းသာသူမှန်သမျှ လက်နက်ကို ဗြောင်ကိုင်၍ သွားချင်ရာသွားနိုင်သည်။ အစိုးရက ဥပဒေဖြင့် ၎င်းအား ကာကွယ်ပေးလေသည်။ ကိုယ့်တိုင်းပြည်တွင် နေဆဲသာ ထိုသူသည် အစိုးရ၏ ကာကွယ်ပေးခြင်းကို

mgyoe.com